# ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးချုပ်နှောင်ခြင်း နည်းဥပဒေ

၁။ ဤနည်းဥပဒေများကို မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (ချုပ်နှောင်ခြင်း) နည်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (၁) လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၇(၁) သို့မဟုတ် ၊ ၇(၂) အရ ပြည်နှင်ဒဏ်ပေးခြင်း ခံရမည့် နိုင်ငံခြားသားအား နိုင်ငံတော်သမ္မတ၊ သို့မဟုတ် ၎င်းက ခန့်ထားသည့် အာဏာပိုင်ထံမှ ပြည်နှင်ဒဏ်အမိန့်ကို မရမီအတောအတွင်း ရဲဌာန၊ ရဲအချုပ်ခန်း၊ ရဲကင်းဂါတ်၊ အကျဉ်းထောင်ငယ်၊ ထောင်၊ သို့မဟုတ် အကျဉ်းထောင်ခွဲ တစ်ခုခုတွင် ခရိုင်ဝန်၊ နယ်ခြားဝန်၊ လူဝင်မှုကြီးကြပ်ရေးမှူးထက် မငယ်သော လူဝင်မှုကြီးကြပ်ရေး အရာရှိက စာဖြင့် အမိန့်ထုတ်ပြီး ချုပ်နှောင်ထားနိုင်သည်။

(၂) ထိုချုပ်နှောင်ရန် အမိန့်ကို တစ်ကြိမ်လျှင် (၁၅) ရက်ထက် မကျော်လွန်စေဘဲ ထုတ်ဆင့်နိုင်သည်။

၃။ (၁) ပြည်နှင်ဒဏ်ပေးခြင်းခံရမည့် နိုင်ငံခြားသားအား အာဏာရ ခရိုင်ဝန်၊ နယ်ခြားဝန်၊ လူဝင်မှုကြီးကြပ်ရေးမှူးထက် မငယ်သော လူဝင်မှုကြီးကြပ်ရေးအရာရှိတို့က အာမခံ တစ်ဦး၊ သို့မဟုတ် တစ်ဦးထက် ပို၍ဖြင့် ခံဝန်ချုပ်ပြုလုပ်စေပြီး အာမခံပေးနိုင်သည်။

(၂) မှားယွင်း၍ ၊ သို့မဟုတ် အာမခံသူ၏ လှည့်ဖြားခြင်းကြောင့် [ မလုံလောက်သော အာမခံကို လက်ခံမိလျှင်ဖြစ်စေ၊] နောက်မှ မလုံလောက်ကြောင်း တွေ့ရှိရသောအခါ အာဏာရ ခရိုင်ဝန်၊ နယ်ခြားဝန်၊ လူဝင်မှုကြီးကြပ်ရေးမှူး ထက်မငယ်သော လူဝင်မှုကြီးကြပ်ရေး အရာရှိတို့က ပြန်လည်ဖမ်းဆီး၍ လုံလောက်သော အာမခံကို တောင်းနိုင်သည်။ မပေးနိုင်က ၎င်းနိုင်ငံခြားသားအား နည်းဥပဒေ ၂ - နှင့် အညီ ချုပ်နှောင်ထားနိုင်သည်။